# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)
# Women's League of Burma

## နိုင်ငံတကာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေးနေ့ ထုတ်ပြန်ကြေငြာချက်

**အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)**

ရက်စွဲ ၂၅ ရက် နိုဝင်ဘာ ၂၀၁၀

နိုဝင်ဘာလ ၂၅ ရက်နေ့သည် နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်မှုများပပျောက်ရေးအတွက် လုပ်ဆောင် နိုင်ရန်ရည်ရွယ်၍ ဤနေ့ ထူးနေ့မြတ်ကြီးကို နိုင်ငံတကာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ်သတ်မှတ်ရန် ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (၁၇) ရက်နေ့ တွင်ကျင်းပသော ကုလသမဂ္ဂ၏(၈၃)ကြိမ်မြောက် အထွေထွေညီလာခံ၏ မျက်နှာစုံညီ အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ တဆက်တည်းတွင် ကုသလမဂ္ဂအနေနှင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်ကို ဆုံးဖြတ်ချက်ချမှတ်ကာ ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေးအတွက် နိုင်ငံအစိုးရများအနေဖြင့် တိုးမြှင့်လုပ်ဆောင်ရန် တာဝန်များကို ချမှတ်ခဲ့သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့်လည်း ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများရှိ စစ်ဖြစ်ပွါးရာနယ်မြေများအတွင်း ဖြစ်ပေါ်လျှက်ရှိသော အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာအရ အကြမ်းဖက်မှုများကို ကျူးလွန်သူများအား အပြစ်ပေး အရေးယူခြင်းမရှိဘဲ ကျူးလွန်ခွင့်ပေးထားသည့် နိုင်ငံအစိုးရများကို အရေးယူနိုင်မည့် အစီအစဉ်များကို ချမှတ်လုပ်ဆောင်သွားနိုင်ရန်အတွက် ဆုံးဖြတ် ချက်အမှတ် ၁၈၈၈ နှင့် ၁၈၂၀ တို့ကို ချမှတ်ခဲ့သည်။

သို့သော် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများအားလုံး ပပျောက်ရေး သဘောတူစာချုပ် **(CEDAW)** ကို လက်မှတ်ထိုးထားသည့် နအဖစစ်အစိုးရမှာမူ မြန်မာနိုင်ငံသူ အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အစီအစဉ်ရှိရှိ ကျူးလွန်လျှက်ရှိနေဆဲပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများ အကြမ်းဖက်ခံရနေရသည့် ပြဿနာသည် စစ် အုပ်စု၏ အာဏာတည်မြဲရေး မူဝါဒ၊ စနစ်ဆိုးကြောင့်ဖြစ်သည်။

ယခုလ နိုဝင်ဘာ (၇) ရက်နေ့က အတင်းအကြပ် တရားမျှတမှုမရှိဘဲပြုလုပ်ခဲ့သည့် နအဖ ၂၀၁၀ ရွေးကောက်ပွဲလုပ်နေစဉ်ကာလအတွင်း ဖြစ်ပွါးခဲ့သည့် မြဝတီနှင့် ဘုရားသုံးဆူနယ်မြေများအတွင်း စစ်ရေးတိုက်ပွဲများကြောင့် ပြည်သူလူထုမှာ အိမ်နီးချင်း ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်လာကြရသည်။ ထိုသို့ ထွက်ပြေးတိမ်းရှောင်လာကြရသည့် ပြည်သူလူထုထဲမှ အထူးသဖြင့် အမျိုးသမီးနှင့် ကလေးသူငယ်များမှာ ပိုမို ဆင်းရဲဒုက္ခမျိုးစုံကို ခံစားကြရသည်။

သို့ဖြစ်၍ ယနေ့ကာလနိုင်ငံရေးအခြေအနေများအရ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် တိုင်းရင်းသားအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်များကို အကောင်အထည်မဖေါ်ဘဲ လမ်းပြမြေပုံအဆင့်များအတိုင်း ၄င်းတို့စိတ်တိုင်းကျ ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲရလဒ်များ အတိုင်း ဆက်လက်အကောင်အထည်ဖေါ်နေအုံးမည်ဆိုပါက မြန်မာနိုင်ငံအခြေအနေသည် ယခုထက်ပိုမို ဆိုးရွားသော အခက်အခဲအကျပ်အတည်းနှင့် ရင်ဆိုင်လာရပေအုံးမည်။ တိုင်းပြည်တပြည် မငြိမ်းချမ်းမှုသည် အမျိုးသမီးနှင့် ကလေးငယ်များ၏ ဘဝလုံခြုံမှုကို ပိုမိုထိခိုက်စေသည့်အတွက်ကြောင့် လက်ရှိဖြစ်ပေါ်နေသော မြန်မာ့နိုင်ငံရေးအခြေအနေသည် အမျိုးသမီးသမီးနှင့် ကလေးငယ်များအတွက် အလွန်စိုးရိမ်ဖွယ်ရာဖြစ်သည်ဟု မိမိတို့အဖွဲ့ချုပ်မှ ယုံကြည်ပါသည်။

ထို့ကြောင့် နအဖစစ်အစိုးရအလိုကျ စီစဉ်ပြုလုပ်ခဲ့သည့် ၂၀၁၀ ရွေးကောက်ပွဲရလဒ်အား လုံးဝလက်မခံသည့်အပြင် အမျိုးသမီးများ၏ ဘဝလုံခြုံမှုကို အာမခံနိုင်မည်မဟုတ်သော မကြာမီပေါ်ပေါက်လာမည့် အတုအယောင် ဒီမိုကရေစီအစိုးရကို လုံးဝဆန့်ကျင်ကြောင်း ဤနေ့တွင် ထုတ်ဖေါ်ပြောကြားလိုပေသည်။

မကြာသေးမီက ပြုလုပ်ခဲ့သည့် ကုလသမဂ္ဂ၏ အထွေထွေညီလာခံမှ မြန်မာနိုင်ငံ၏ ၂၀၁၀ ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဟုတ်ကြောင်း ရှုတ်ချကန့်ကွက်သည်ကို မိမိတို့ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အနေဖြင့် ကြိုဆိုပါသည်။ ယင်းအပြင် အာဆီယမ်နိုင်ငံအပါအဝင် နိုင်ငံတကာအစိုးရများအနေဖြင့်လည်း မြန်မာနိုင်ငံသူအမျိုးသမီးများ၏ ဘဝ အကြမ်းဖက်ခံရမှု သံသရာထဲတွင် ဆက်လက်ကျရောက်စေအုံးမည့် ၂၀၁၀ ရွေးကောက်ပွဲရလဒ်အား လုံးဝအသိအမှတ် မပြုကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပေသည်။


**ဆက်သွယ်ရန်**

တင်တင်နွယ် – + ၆၆ (၀) ၈၇၈ ၄၉၉ ၃၃၂

နန်းဒါးအဲ့ကလယ် +၆၆ (၀) ၈၅၇ ၂၆၉ ၂၉၁

သင်းသင်းအောင် +၉၁၉ ၈၉၁၂၅၂၃ ၁၆

စောမြရာဇာလင်း +၈၈ (၀) ၁၇၃ ၂၆၄ ၉၀၀၇